ဖို့ဝိန်းပြို့တော်–ရပ်ကွက်အတွင်းဘဝလမ်းညွှန်ချက်

ရပ်ကွက်အသိုက်အဝန်းအဖွဲ့အစည်းကို ဘယ်လိုစတင်မလဲ။

သတင်းအချက်အလက်နှင့်လူများကိုစုဆောင်းပါ

ရပ်ကွက်အသင်းအဖွဲ့တစ်ခုစတင်ရန်၊သင်ပထမဆုံးလုပ်သင့်သည်မှာဘာဝါရှိဖို့ဒဝိန်းပြို့ သို့ဆက်သွယ်ပြီးအသင်းအဖွဲ့တစ်ခုစတင်ရန်သင်စိတ်ဝင်စားကြောင်းငင်းတို့အားအသိပေးပါ။ထို့နောက်တွင် သင်သည် တက်ကြွသောအသင်းအဖွဲ့တွင် နေထိုင်သည်နှင့်/သို့မဟုတ်သင်စတင်ရန်သို့မဟုတ်ပြန်လည်စတင်ရန်အရည်အချင်းပြည့်မီပါကပြို့တော်ဝန်ထမ်းများသည်သင့်အားအသိပေးပါမည်။

ထို့နောက်အသင်းအဖွဲ့တစ်ခုစတင်ရန်အရည်အချင်းပြည့်မီပါက၊သင်၏အသင်းအဖွဲ့အသစ်၏ခေါင်းဆောင်ဖြစ်လိုသောအနည်းဆုံးစီးပွားရေးလုပ်ငန်းပိုင်ရှင်သို့မဟုတ်နေထိုင်သူဦးကိုရှာဖွေပြီးအစည်းအဝေးတစ်ခုကျင်းပရန် လိုအပ်ပါသည်။

- ပထမဦးစွာ၊ အစည်းအဝေး၏အချိန်နှင့် တည်နေရာကို ဆုံးဖြတ်ပြီး သင့်အသင်းတွင် ပါဝင်လုပ်ကိုင်သူ အများအပြားကိုတတ်နိုင်သမျှဆက်သွယ်ပါ။
- ထို့နောက်အသင်းအဖွဲ့ဖွဲ့စည်းခြင်း၏အကျိုးကျေးဇူးများနှင့်တန်ဖိုးများကို အကျယ်တဝင့်တင်ပြဆွေးနွေးပြီးသင်၏ပထမဆုံးအစည်းအဝေးကို အသုံးပြုပါ (ဥပမာ- တိုးတက်သောဆက်သွယ်ရေး၊ ဖြစ်ရပ်များ၊ ဘေးကင်းမှု၊) နှင့် နောက်တစ်ဆင့်ကိုစတင်ရန် သင့်အိမ်နီးနားချင်းများထံမှ လုံလောက်သော စိတ်ဝင်စားမှုရှိမရှိကို ကြည့်ရှုရန်။



လုပ်ငန်းစဉ်ကိုဦးစွာစတင်ပါ။

အသင်းအဖွဲ့တစ်ခုစတင်ရန်တစ်နှစ်ခန့်ကြာနိုင်သည်။ပထမဦးစွာအောက်ပါအချက်အလက်များအပါအဝင်ရပ်ကွက်စိမ်ကိန်းနှင့်အသင်းလည်ပတ်အသက်သွင်းခြင်းလုပ်ငန်းအဖွဲ့(NPAW)၏အုပ်ချုပ်ရေးမှူးထံသို့တာရားဝင်စာတစ်စောင်ပေးပို့ပါ

- တောင်းဆိုသည့်ရက်စွဲ
- အဖွဲ့အစည်းအမည်
- အဆိုပြုထားသောအသင်း၏ရည်ရွယ်ချက်အကျဉ်းချုပ်

မြို့တွင်းကြိုးပမ်းဆောင်ရွက်ခြင်း

အထူးဂရုစိုက်ကာသင့်တောင်းဆိုချက်ကို တင်ပြပြီးနောက်၊ NPAW အဖွဲ့သည် ၎င်းတို့၏ဌါနအတွင်းပိုင်းကြိုးစားလုံ့လစိုက်ထုတ်မှုလုပ်ငန်းစဉ်ကို စတင်ပါမည်။ ဤလုပ်ငန်းစဉ်သည်၃-၆လကြာနိုင်သည်။လုပ်ငန်းစဉ်ပြီးသည်နှင့်ပြို့တော်ဝန်ထမ်းတစ်ဦးသည်သင့်နှင့်သင်အဖွဲ့အား ရပ်ကွက်အသင်းအဖွဲ့အတွက်၎င်းတို့၏တွေ့ရှိချက်များနှင့်အကြံပြုချက်များကို ပေးပါလိမ့်မည်။



ရပ်ကွက်အတွင်းကူညီထောက်ပံ့မှု

NPAW အဖွဲ့၏ အကြံပြုချက်များကို သင်လက်ခံရရှိသည်နှင့် ရက်ပေါင်း ၁၈၀အတွင်း NPAW အဖွဲ့ထံသို့ အောက်ပါစာရွက်စာတမ်းများအနက်မှ တစ်စုံ သို့မဟုတ် တစ်ခုထက်ပိုသော စာရွက်စာတမ်းများကို တင်သွင်းရန် လိုအပ်နိုင်သည်:

- ပြန်လည်သုံးသပ်ရန်နှင့် အတည်ပြုရန်အတွက် အသင်း၏ဥပဒေများ မိတ္တူ။ စည်းမျဉ်းများအား ပြန်လည်သုံးသပ်အတည်ပြုရန်။
- အသင်းအဖွဲ့၏အဆိုပြုထားသော သို့မဟုတ် နယ်နိမိတ်အသစ်များကို အတည်ပြုသော နယ်နိမိတ်မြေပုံ။
- အနည်းဆုံး ရွေးကောက်ပွဲ လည်ပတ်မှုတစ်ကြိမ်အတွက် အသင်းဘုတ်အဖွဲ့တွင် တာဝန်ထမ်းဆောင်လိုသော အရာရှိလေးဦးသို့မဟုတ်ထို့ထက်ပိုသောလက်မှတ်များ။
- အနီးနားရှိအိမ်ထောင်စုများနှင့် လုပ်ငန်းများ၏ ၅၁%ထံမှ လက်မှတ်များ (သို့မဟုတ်) ထောက်ခံစာများ။ စာရွက်စာတမ်းကို လက်မှတ်ရေးထိုးသူ သို့မဟုတ် စာတစ်စောင်ပေးဆောင်သူ တစ်ဦးချင်းစီ၏ အမည်အပြည့်အစုံနှင့် လိပ်စာများကိုထည့်သွင်းရန်မမေ့ပါနှင့်။

နောက်ဆုံးသုံးသပ်ချက်။

ရက်ပေါင်း၃၀ပြီးနောက်၊ မြို့တော်ဝန်ထမ်းများသည် လိုအပ်ချက်များအားလုံးကို ဖြည့်ဆည်းပေးမည်ဆိုပါက တင်သွင်းမှုကိုအတည်ပြုခြင်းသို့မဟုတ်အခြေအနေအရ အတည်ပြုမည်ဖြစ်သည်။

အားသာချက်များ

ရပ်ကွက်အသင်းအဖွဲ့၏တစ်စိတ်တစ်ပိုင်းပါဝင်ခြင်းအားဖြင့်ရလာဒ်အားသာချက် အကျိုးကျေးဇူးအချို့နှင့်ပါဝင်ဆောင်ရွက်ခြင်းမှဖြစ်လာခြင်း၏အကျိုးကျေးဇူးအချို့မှာ ရပ်ကွက်အသင်းတစ်ခုတွင်ပါဝင်သည့်အကြောင်းအရာများမှာ:

- အိမ်နီးနားချင်းများအကြားဆက်ဆံရေးတည်ဆောက်ခြင်းနှင့်ဆက်ဆံရေး ခိုင်မာစေခြင်း။
- ပြဿနာများကိုဖြေရှင်းရန် ပေါင်းစည်းထားသောအသံကိုဖန်တီးခြင်း။ စုပေါင်းအသံသည် ပိုအားကောင်းသော အသံဖြစ်တတ်သည်။
- ဖွံ့ဒိုင်းမြို့နှင့်ထိရောက်သောဆက်သွယ်ရေးချိတ်ဆက်မှုတစ်ခုကိုထူထောင် ခြင်း။
- ပတ်ဝန်းကျင်ကိုသိရှိစေသောသတင်းများ၊ဆုံးဖြတ်ချက်များနှင့်အဖြစ်အပျက် များအကြောင်းအကြောင်းကြားချက်များကိုလက်ခံရယူခြင်း။
- ရပ်ကွက်စီမံကိန်းများအတွက်ရရှိနိုင်သောရန်ပုံငွေအခွင့်အလမ်းများ အရေအတွက်များကိုတိုးမြှင့်ခြင်း။

ထောက်ပံ့ကြေး/ရန်ပုံငွေ

သင့်ပတ်ဝန်းကျင်တွင် ပေါင်းသင်းဆက်ဆံမှုစတင်ပြီးသည်နှင့် သင့်ပရောဂျက်အသစ်အချို့ကို စတင်လုပ်ဆောင်ရန် ရန်ပုံငွေများ လိုအပ်နိုင်သည်။ နည်းပြနှင့် နည်းပညာအကူအညီများ မြို့တော်ဝန်ထမ်းများထံမှ ရရှိနိုင်ပါသည်။ ၃၁၁ ကိုခေါ် ဆိုပြီးရပ်ကွက်အတွင်းတိုးတက်မှုထောက်ပံ့မှုနှင့် ရန်ပုံငွေရှာဖွေရေးအကူအညီများအတွက်အခွင့်အလမ်းများအပါအဝင်ရရှိနိုင် သောထောက်ပံ့ကြေးများအကြောင်း ပီမိုလေ့လာရန် NPAW အဖွဲ့၏အဖွဲ့ဝင် တစ်ဦးကို တောင်းဆိုပါ။

ကူညီမှု

ရပ်ကွက်အသင်းဖွဲ့နည်းကို စတင်ရန် နောက်ထပ်လမ်းညွှန်မှု လိုအပ်ပါက ၃၁၁ (၂၆၀ ၄၂၇ ၈၃၁၁) သို့ ဖုန်းခေါ် ဆိုရန် မကြောက်ပါနှင့်သို့မဟုတ်ရပ်ကွက်စီမံကိန်းနှင့်လည်ပတ် အသက်သွင်းခြင်းလုပ်ငန်းအဖွဲ့ရှိဝန်ထမ်းများထံဆက် သွယ်ပါသို့မဟုတ်၎င်းတို့၏အကြောင်းကြားနိုင်ရန်အခြား ဒေသခံအသင်းခေါင်းဆောင်များထံဆက် သွယ်၍အကြံဉာဏ်ရယူပါ။

နောက်ဆုံးသတိပေးချက်



ရပ်ကွက်အသင်းအဖွဲ့တစ်ခုကို စတင်ခြင်းနှင့် စီမံခန့်ခွဲခြင်းသည် ရပ်ရွာလူထု၏ ပါဝင်ပတ်သက်မှုနှင့် နေထိုင်သူများထံမှကတိကဝတ်တစ်ခု လိုအပ်သည်ကိုသတိရပါ။သင့်အိမ်နီးချင်းများနှင့်ဆက်ဆံရေး တည်ဆောက်ပြီးလုပ်ငန်းစဉ်တွင်၎င်းတို့ကို ထိတွေ့ဆက်ဆံခြင်းသည် အောင်မြင်သောအသင်းအဖွဲ့အတွက် အရေးကြီးပါသည်။

သင့်ပတ်ဝန်းကျင် ကြိုးပမ်းအားထုပ်မှုများအတွက် သင့်အား ကူညီပံ့ပိုးရန် ကျွန်ုပ်တို့ မျှော်လင့်လျက်ရှိပါသည်။

DEPARTMENT OF NEIGHBORHOODS | AMP LAB AT ELECTRIC WORKS X CITY OF FORT WAYNE INDIANA

ဤလမ်းညွှန်ချက်ကို *City's Neighborhood Department* မြို့မရပ်ကွက်ဌာန နှင့် *AMP* ဓာတ်ခွဲခန်း ကျောင်းသားများမှ ဖန်တီးထားပါသည်။ ပိုမိုသိရှိလိုပါကမျှန်ပ်တို့၏ဝက်ဆိုဒ်သို့ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် ၇၎ ကုဒ်ကိုစကင်ဖတ်ပါ။

www.fortwayneguides.org